ရုံးတွင်းစာအကျဉ်းချုပ်
သို့မဟုတ် စာကြမ်းရေးရန်အတွက်

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင် လ ၂၆ ရက်

အကြောင်းအရာ။ **U Ni & Daw Phyu Family Co., Ltd. မှ ရန်ကုန်တိုင်း ဒေသကြီး၊ ရွှေပြည်သာစက်မှုဇုန်တွင် ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်းနှင့် ရေထွက်ပစ္စည်းလက်ခစားစနစ်(Contract Processing)စနစ်ဖြင့် ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြခြင်း ကိစ္စ**

၁။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၂၁/၂၀၁၂) (၁၈-၇-၂၀၁၂) အစည်းအဝေး ဆုံးဖြတ်ချက်အရ U Ni & Daw Phyu Family Co., Ltd. မှ ရန်ကုန်တိုင်း ဒေသကြီး၊ ရွှေပြည်သာ စက်မှုဇုန်တွင် ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်းနှင့် ရေထွက်ပစ္စည်း လက်ခစားစနစ်(Contract Processing)စနစ်ဖြင့် ငါး/ပုစွန် ပြုပြင်အေးခဲ ထုတ်လုပ်ခြင်း လုပ်ငန်းတို့အား လုပ်ငန်း ဆောင်ရွက် ခွင့်ပြုရန် ခွင့်ပြုမိန့် ပေးခဲ့ပြီး ဖြစ်ပါသဖြင့် လုပ်ငန်းကြီးကြပ်ဌာနသို့ လွှဲပြောင်း ခွင့်ပြုပါရန် တင်ပြအပ်ပါသည်။

26/7
(ဝင်းမို့မို့အေး)
ဒု-ဦးစီးမှူး

လက်ထောက်ညွှန်ကြားရေးမှူး

၂။ [illegible]

26/7

Monitor ns.doc

ပုံစံ (မနသ - ၂)

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

ခွင့် ပြု မိန့်

ခွင့်ပြုမိန့် အမှတ်၊ မနသ - ......၈၅၅................/ ၂၀၁၂ ။ ၂၀၁၂ ခုနှစ်၊ ဇူလိုင် လ ၁၇ ရက်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၀ အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်။

(က) ရင်းနှီးမြှုပ်နှံသူ၏ အမည် ...ဒေါ်ခင်မြင့်လွင်...

(ခ) အဘ အမည် ...ဦးဘမြင့်...

(ဂ) နိုင်ငံသား/ အမျိုးသားမှတ်ပုံတင်အမှတ် ...၁၂/ရကန(နိုင်) ၀၀၅၀၂၉...

(ဃ) နေရပ်လိပ်စာ အမှတ် (၆၆၀)၊ သန္တာ(၆)လမ်း၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

(င) ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့်အဖွဲ့အစည်း ...U NI & DAW PHYU FAMILY CO., LTD....

(စ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းအမျိုးအစား ငါးပုစွန် ပြုပြင်အေးခဲ ထုတ်လုပ်ခြင်း လုပ်ငန်းနှင့် ရေထွက်ပစ္စည်း လက်ခစားစနစ်(Contract Processing)ဖြင့် ထုတ်လုပ်ခြင်း လုပ်ငန်း

(ဆ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အရပ်ဒေသ (များ) မြေကွက်အမှတ် (၁၆၅)၊ မြေတိုင်းရပ်ကွက် အမှတ် (၆၄)၊ စက်မှုဇုန်အပိုင်း(၃)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ။

(ဇ) မတည်ငွေရင်းပမာဏ (ကျပ်) ...၁၂၀၀.၀၀...(သန်း)...(အမေရိကန်ဒေါ်လာ (၁.၃၇) သန်း အပါအဝင် ကျပ် တစ်ထောင့်နှစ်ရာ သန်း တိတိ)

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ပုံစံ (မနသ - ၂)

၃၄၂၇-ခ
၂၆.၇.၂၀၁၂

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

ခွင့် ပြု မိန့်

ခွင့်ပြုမိန့် အမှတ်၊ မနသ - ......၈၅၅................/ ၂၀၁၂ ။ ၂၀၁၂ ခုနှစ်၊ ဇူလိုင် လ ၂၃ ရက်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၀ အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်။

(က) ရင်းနှီးမြှုပ်နှံသူ၏ အမည် ...ဒေါ်ခင်မြင့်လွင်...

(ခ) အဘ အမည် ...ဦးဘမြင့်...

(ဂ) နိုင်ငံသား/ အမျိုးသားမှတ်ပုံတင်အမှတ် ...၁၂/ရကန(နိုင်) ၀၀၅၀၂၉...

(ဃ) နေရပ်လိပ်စာ အမှတ် (၆၆၀)၊ သဇ္ဇာ(၆)လမ်း၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

(င) ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့်အဖွဲ့အစည်း U NI & DAW PHYU FAMILY CO., LTD.

(စ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းအမျိုးအစား ငါး၊ပုစွန် ပြုပြင်အေးခဲ ထုတ်လုပ်ခြင်း လုပ်ငန်း နှင့် ရေထွက်ပစ္စည်း လက်ခစားစနစ်(Contract Processing)ဖြင့် ထုတ်လုပ်ခြင်း လုပ်ငန်း

(ဆ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အရပ်ဒေသ (များ) မြေကွက်အမှတ် (၁၆၅)၊ မြေတိုင်းရပ်ကွက် အမှတ် (၆၄)၊ စက်မှုဇုန်အပိုင်း(၃)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ။

(ဇ) မတည်ငွေရင်းပမာဏ (ကျပ်) ...၁၂၀၀.၀၀...(သန်း)...(အမေရိကန်ဒေါ်လာ (၁.၃၇) သန်း အပါအဝင် ကျပ် တစ်ထောင့်နှစ်ရာ သန်း တိတိ)

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ကန့်သတ်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

အမိန့်ကြော်ငြာစာအမှတ်၊ ၂၄ / ၂၀၁၂ (မနသ)

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက်

(၂၀၁၂ ခုနှစ်၊ ဇူလိုင် လ၂၄ ရက်)

၁။ မြန်မာကုမ္ပဏီဖြစ်သော U Ni & Daw Phyu Family Co., Ltd. မှ ဦးအောင်ဝင်း အမည်ဖြင့် အသုံးပြုခွင့် ရရှိထားသော ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ် ၊ စက်မှုဇုန် အပိုင်း(၃)၊ မြေတိုင်းရပ်ကွက် အမှတ် (၆၄)၊ မြေကွက် အမှတ် (၁၆၅) ရှိ မြေ (၁.၉၄၇)ဧကရှိ မြေနှင့် အဆောက်အဦအား ငှားရမ်း၍ ငါး/ပုစွန်ပြုပြင် အေးခဲ ထုတ်လုပ်ခြင်း လုပ်ငန်း နှင့် ရေထွက်ပစ္စည်း လက်ခစား စနစ်(Contract Processing)ဖြင့် ထုတ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက် ခွင့်ပြုပါရန် အဆိုပြု တင်ပြချက်အား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၂၁/၂၀၁၂)(၁၈-၇-၂၀၁၂) အစည်း အဝေးသို့ တင်ပြခဲ့ရာ ခွင့်ပြု ကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း(၅)၊ ပုဒ်မ ၁၀ အရ အပ်နှင်းထားသော လုပ်ပိုင် ခွင့်များကို ကျင့်သုံးလျှက် U Ni & Daw Phyu Family Co., Ltd. အား ငါး/ပုစွန်ပြုပြင် အေးခဲ ထုတ်လုပ်ခြင်း လုပ်ငန်း နှင့် ရေထွက်ပစ္စည်း လက်ခစား စနစ်(Contract Processing)ဖြင့် ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်နိုင်ရန် အတွက် ခွင့်ပြုမိန့်အမှတ်၊ မနသ-၈၅၅/၂၀၁၂ ကို ထုတ်ပေးလိုက်သည်။

၂။ U Ni & Daw Phyu Family Co., Ltd. အနေဖြင့် ဤခွင့်ပြုမိန့်အရ ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း(၇)၊ ပုဒ်မ ၁၂ အရ ထုတ်လုပ်မှု လုပ်ငန်း စီးပွားဖြစ် စတင်သောနှစ် အပါအဝင် တစ်ဆက်တည်း(၃)နှစ် အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်။ ယင်း ဥပဒေပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်များ နှင့်အညီ အောက်ဖော်ပြပါ အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့် ပြုနိုင်ရန် ဤအမိန့် ကြော်ငြာစာကို ထုတ်ပြန်လိုက်သည် -

(က) ဥပဒေပုဒ်မ၁၃(က)အရ လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်သော နိုင်ငံခြားငွေ ပမာဏ အပေါ် မူတည်၍ ဝင်ငွေခွန် သက်သာခွင့်ခံစားနိုင်ရန် အတွက် ကနဦး ရင်းနှီးမြှုပ်နှံမှု ကာလအတွင်း နိုင်ငံခြားငွေဖြင့် ရင်းနှီးမြှုပ်နှံသည့် ပမာဏကို ဖော်ပြလျှက် လုပ်ငန်း အကောင်အထည်ဖော်မှု အခြေအနေပေါ် မူတည်၍ ဤ ကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ခ) ဥပဒေပုဒ်မ ၁၃(ခ)အရ လုပ်ငန်းက နိုင်ငံခြားသို့တင်ပို့ရောင်းချခြင်းမှ နိုင်ငံခြားငွေဖြင့် ရရှိသည့် အမြတ်ငွေပေါ်တွင် (၅၀%)အထိ ကာလအကန့်အသတ်ဖြင့် ဝင်ငွေခွန် သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့် (၃)နှစ် ခံစားပြီးနောက် လုပ်ငန်း၏ အမှန်တကယ် အကောင်အထည် ဖော်နိုင်မှု အခြေအနေကို ဖော်ပြလျှက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဂ) ဥပဒေပုဒ်မ ၁၃(ဂ) အရ ထုတ်လုပ်မှု လုပ်ငန်းကြောင့် သတ်မှတ်သည့် နှုန်းအထိ ပြည်တွင်း ပြည်ပ ဝင်ငွေတိုးတက်မှု ရှိပါက သတ်မှတ်ချက်နှင့်အညီ ဝင်ငွေခွန် သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးပြီးသည့်အခါ လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေကို ဖော်ပြလျှက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဃ) ဥပဒေပုဒ်မ ၁၃(စ) အရ လုပ်ငန်းမှ ရရှိသည့် အမြတ်ငွေကို သီးသန့်ရံပုံငွေ ထား၍ တစ်နှစ် အတွင်း လုပ်ငန်း၌ ပြန်လည် ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ခံစားနိုင်ရန်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ကာလကုန်ဆုံးပြီး၍ အမှန်တကယ် ပြန်လည် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သည့်အခါ လုပ်ငန်းအမှန်တကယ် အကောင်အထည်ဖော်မှု အခြေအနေကို ဖော်ပြလျှက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(င) ဥပဒေပုဒ်မ ၁၃(ဆ) အရ လုပ်ငန်းသုံး မတည်ပစ္စည်းများအပေါ် တန်ဖိုးလျော့ငွေကို သတ်မှတ်သည့်နှုန်းအတိုင်း နှစ်တိုတို နှင့် မူလတန်ဖိုး ပြည့်မီသည်အထိ အမြတ်ငွေမှ နှုတ်ပယ်ခွင့်နှင့် စပ်လျဉ်း၍ ယင်းတန်ဖိုးလျော့နှုန်းထားများကို ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(စ) ဥပဒေပုဒ်မ ၁၃(ဇ) အရ ကနဦး ရင်းနှီးမြှုပ်နှံမှု ကာလအတွင်း ပြည်တွင်း၌ မရရှိနိုင်သည့် အမှန်တကယ် လိုအပ်၍ ပြည်ပမှ တင်သွင်းသော စက်ပစ္စည်း၊ စက်အရန်ပစ္စည်း၊ စက်ကိရိယာ အစိတ်အပိုင်း၊ လုပ်ငန်းသုံးမတည် ပစ္စည်းများ အပေါ် အကောက်ခွန်နှင့်အခြားပြည်တွင်းအခွန်အကောက်များကို ကင်းလွတ်ခွင့်ပြုသည်။

(ဆ) ဥပဒေပုဒ်မ ၁၃(ဈ)အရ သတ်မှတ်ထားသည့် ကနဦးရင်းနှီး မြှုပ်နှံမှု ကာလကုန်ဆုံး၍ ပထမ(၃)နှစ်အတွက် ပြည်ပမှတင်သွင်း သည့် လုပ်ငန်းသုံးပစ္စည်းများ အပေါ်တွင် အကောက်ခွန်နှင့် အခြားပြည်တွင်းအခွန်အကောက်များကို ကင်းလွတ် ခွင့်ပြုသည်။

၃။ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၃(ဖ)နှင့် ၁၃(ဗ)အရ ပြည်ပမှတင်သွင်းသည့် စက်ပစ္စည်းများ၊ စက်အရန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ နှင့် ပတ်သက်၍ တင်သွင်းမည့် ပစ္စည်းအမျိုးအစား၊ အရည်အသွေး၊ စံချိန်စံညွှန်းများ၊ ဈေးနှုန်းများ သင့်မြတ်မှု စသည်တို့နှင့် စပ်လျဉ်း၍ နိုင်ငံတကာ အသိအမှတ် ပြုထားသည့် စစ်ဆေးရေး ကိုယ်စားလှယ် (Inspection Agency)၏ စစ်ဆေးမှုဖြင့် လိုက်နာဆောင်ရွက်ရမည် ။

၄။ U Ni & Daw Phyu Family Co., Ltd. သည် ဤခွင့်ပြုမိန့်အရ လုပ်ငန်းဆောင်ရွက်ရာတွင် မူလအဆိုပြုလွှာ၌ ဖော်ပြထားသည့် **ထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှု ရည်မှန်းချက်များကို အနိမ့်ဆုံး ရည်မှန်းချက်များ** အဖြစ် ထားရှိဆောင်ရွက် အကောင်အထည်ဖော်ရမည်။

၅။ U Ni & Daw Phyu Family Co., Ltd. သည် ဤအဆိုပြု လုပ်ငန်း၏ စာရင်းများကို သီးခြား ပြုစုထားရှိရမည်။

၆။ U Ni & Daw Phyu Family Co., Ltd. သည် အဆိုပြု လုပ်ငန်းဆောင်ရွက်ရာတွင် ကုန်ကြမ်း တင်သွင်းမှု/ ကုန်ချော တင်ပို့မှုတို့ နှင့်စပ်လျဉ်း၍ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်။

၇။ အဆိုပြုလုပ်ငန်းကို ဆောင်ရွက်နိုင်ရန် အတွက် မြေနှင့်အဆောက်အဦ အငှားချထားသူ ဦးအောင်ဝင်းနှင့် အငှားချထားခြင်းခံရသူ ဒေါ်ခင်မြင့်လွင် (U Ni & Daw Phyu Family Co., Ltd.) တို့ ချုပ်ဆိုမည့် မြေနှင့် အဆောက်အဦ ငှားရမ်းခြင်း သဘောတူ စာချုပ်ကို လက်မှတ် ရေးထိုး၍ **ထိုက်သင့်သော တံဆိပ်ခေါင်းခွန်များ ထမ်းဆောင်** ပြီးသည့်အခါ ယင်း သဘောတူ စာချုပ်မိတ္တူ (၅)စောင်ကို ဤကော်မရှင်သို့ **မပျက်မကွက်** ပေးပို့ တင်ပြရမည်။

၈။ အဆိုပြု လုပ်ငန်း ဆောင်ရွက်ရာတွင် မြေအသုံးပြုမှု နှင့်စပ်လျဉ်း၍ နိုင်ငံတော် အစိုးရမှ မြေယာနှင့် ပတ်သက်၍ သတ်မှတ် ပြဋ္ဌာန်းသည့် စည်းကမ်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

၉။ U Ni & Daw Phyu Family Co., Ltd. မှ နိုင်ငံခြားသား ကျွမ်းကျင် သူများ ငှားရမ်းခွင့်ကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံသားများ ရင်းနှီး မြှုပ်နှံမှု ဥပဒေ ဆိုင်ရာ လုပ်ထုံး လုပ်နည်းများ အခန်း(၉)၊ အပိုဒ် ၃၃ ပါ သတ်မှတ်ချက်များ နှင့်အညီ ဤကော်မရှင်သို့ သီးခြား တင်ပြ လျှောက်ထားရမည်။ အဆိုပြုလုပ်ငန်းဆောင်ရွက်ရန် အတွက် ပြည်တွင်း အလုပ်သမား များ ခန့်ထားရာတွင် အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာန နှင့် ညှိနှိုင်း ဆောင်ရွက်ရမည်။ လုပ်ငန်းခွင် သာယာရေးအတွက် အဆိုပြုချက်တွင် တင်ပြထားသည့်အတိုင်း စီစဉ် ဆောင်ရွက်ရမည်။

၁၀။ U Ni & Daw Phyu Family Co., Ltd. သည် ဤခွင့်ပြုမိန့်အရ ထုတ်လုပ်မှု လုပ်ငန်းဆောင်ရွက်ရာ၌ ပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထုညစ်ညမ်းမှု၊ မီးဘေးအန္တရာယ် စသည်များ မဖြစ်ပေါ်စေရန်အတွက် လိုအပ်သည့် ပတ်ဝန်းကျင် ညစ်ညမ်းမှု ထိန်းသိမ်းကာကွယ်ရေး အစီအမံများကို ဝန်ခံကတိ ပြုထားသည့်အတိုင်း စနစ်တကျ ထားရှိ ဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ထားရှိမှု အခြေအနေကို ဤကော်မရှင်သို့ **မပျက်မကွက်** အစီရင်ခံရမည်။

၁၁။ U Ni & Daw Phyu Family Co., Ltd. သည် အဆိုပြုချက်တွင် ဝန်ခံကတိပြုထားသည့် အတိုင်း ပုဂ္ဂလိက စက်မှု လုပ်ငန်း ဥပဒေအရ ပြည်နယ်/ တိုင်း စက်မှု ကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနတွင် ပုဂ္ဂလိက စက်မှု လုပ်ငန်း မှတ်ပုံတင် ထားရှိ ဆောင်ရွက် ရမည်။

၁၂။ U Ni & Daw Phyu Family Co., Ltd. သည် ပူးတွဲပါ ကနဦးလုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာကို ဤခွင့်ပြုမိန့် ရရှိပြီး(သုံး)လ အတွင်း ဤကော်မရှင်သို့ **မပျက်မကွက်** အစီရင်ခံရမည်။ ထို့အပြင် လုပ်ငန်း အကောင်အထည် ဖော်မှု အခြေအနေများ ကို သတ်မှတ်ထား သော ပုံစံဇယားများဖြင့် (၆)လ တစ်ကြိမ် (ဧပြီ/ အောက်တိုဘာ လများ) **မပျက်မကွက်** ပုံမှန် ပေးပို့ အစီရင်ခံရမည်။ အဆိုပြုလုပ်ငန်း၏ စီးပွားဖြစ် စတင် ဆောင်ရွက်သည့် နေ့ရက်ကို စီးပွားဖြစ် စတင် ပြီး (တစ်)လ အတွင်း ဤကော်မရှင်သို့ **မပျက်မကွက်** အစီရင်ခံရမည်။

၁၃။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် ခွင့်ပြုမိန့်တွင် ဖော်ပြထားသည့် ရင်းနှီး မြှုပ်နှံမှုပြုလုပ်သည့် နေရပ်ဒေသ လိပ်စာနှင့် ရင်းနှီးမြှုပ်နှံသူ၏ အဖွဲ့အစည်း၏ နေရပ်လိပ်စာ (ကုမ္ပဏီ၏ ရုံးခန်းလိပ်စာ နှင့် တယ်လီဖုန်း နံပါတ်) တို့ ပြောင်းလဲမှုရှိတိုင်း ဤကော်မရှင်သို့ **မပျက်မကွက်** တင်ပြ၍ အတည်ပြု ခွင့်ပြုချက်ကို ရယူရမည်။

၁၄။ U Ni & Daw Phyu Family Co., Ltd. သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ချမှတ်ထားသော တည်ဆဲစည်းမျဉ်း စည်းကမ်း သတ်မှတ်ချက်များကို လိုက်နာမှု မရှိကြောင်း စစ်ဆေးတွေ့ရှိပါက ဤခွင့်ပြုမိန့်ကို ပြန်လည် ရုပ်သိမ်းသည်အထိ အရေးယူခြင်းခံရမည်။

၁၅။ အဆိုပြု လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အညီ ဆောင်ရွက်ရမည် ဖြစ်သဖြင့် မည်သည့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား အဖွဲ့အစည်းကမျှ ပိုင်ဆိုင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း မရှိစေရ။ အကယ်၍ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား အဖွဲ့အစည်းက ပိုင်ဆိုင်ကြောင်း သို့မဟုတ် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲကြောင်း သက်ဆိုင်ရာက စစ်ဆေးတွေ့ရှိလျှင် ပုဂ္ဂလိက စက်မှုလုပ်ငန်းမှတ်ပုံတင်ကို ပယ်ဖျက်ပြီး စက်ရုံ ပိတ်သိမ်းနိုင်ရေး အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့်ညှိနှိုင်းဆောင်ရွက်မည့်အပြင် လုပ်ငန်းအဆိုပြုသူ

သည် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၅(င) အရ နောင်တွင် မည်သည့် ခွင့်ပြုမိန့်မျှ ထုတ်ပေးမည် မဟုတ်သော နာမည်ပျက် စာရင်း၌ ထည့်သွင်းခြင်းခံရမည်။

၁၆။ ဤခွင့်ပြုမိန့် ထုတ်ပေးသည့် နေ့မှစ၍ (တစ်)နှစ်အတွင်း အဆိုပြုလုပ်ငန်းကို စတင်ဆောင်ရွက်ခြင်း မပြုနိုင်ပါက ဤခွင့်ပြုမိန့်သည် အလိုအလျောက် ပျက်ပြယ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(စိုးသိန်း)
ဥက္ကဋ္ဌ

စာအမှတ်၊ရကာ- ၆(က) /မ- ၁၂၃၀/၂၀၁၂(၃၄၂၉ - ခ)
ရက်စွဲ၊ ၂၀၁၂ခုနှစ်၊ ဇူလိုင် လ၂၄ ရက်

ဖြန့်ဝေခြင်း-

သမ္မတဦးစီးရုံး
ဒုတိယသမ္မတ(၁)ဦးစီးရုံး
ဒုတိယသမ္မတ(၂)ဦးစီးရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင်များ
ပြည်ထဲရေးဝန်ကြီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန
စက်မှု ဝန်ကြီးဌာန
ဆောက်လုပ်ရေး ဝန်ကြီးဌာန
ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာန
အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန
အလုပ်သမား ဝန်ကြီးဌာန
ဆက်သွယ်ရေး၊ စာတိုက် နှင့် ကြေးနန်း ဝန်ကြီးဌာန

လူ့ဝင်မှု ကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန

အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန

စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး

ဥက္ကဋ္ဌ ၊CMP လုပ်ငန်းများ ကြီးကြပ်ရေး ကော်မတီ၊(အလုပ်သမားဝန်ကြီးဌာန)

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်

ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်း ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များ ဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့အာမခံလုပ်ငန်း

ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ညွှန်ကြားရေးမှူးချုပ်၊ လူ့ဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ လျှပ်စစ်ဓါတ်အား လုပ်ငန်း

ညွှန်ကြားရေးမှူးချုပ်၊ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

ဥက္ကဋ္ဌ၊ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများ အသင်း၊ ရန်ကုန်မြို့

အုပ်ချုပ်မှုဒါရိုက်တာ ၊ U Ni & Daw Phyu Family Co., Ltd.

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ရက-၆(က)/မ-၁၂၃၀/၂၀၁၂(၉၈၉၄)

ရက်စွဲ ၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင် လ ၁၇ ရက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် သို့ တင်ပြသည့်

အမှာစာ

အကြောင်းအရာ။ **U Ni & Daw Phyu Family Co., Ltd. မှ ငါး / ပုစွန် အအေးခန်းစက်ရုံ တည်ထောင်၍ CMP/Normal စနစ်ဖြင့် ငါး / ပုစွန် ပြုပြင် အေးခဲ ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြခြင်း ကိစ္စ**

၁။ မြန်မာကုမ္ပဏီ ဖြစ်သော U Ni & Daw Phyu Family Co., Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ် ၊ စက်မှုဇုန် အပိုင်း(၃)၊ မြေတိုင်းရပ်ကွက် အမှတ် (၆၄)၊ မြေကွက် အမှတ် (၁၆၅) ရှိ မြေ (၁.၉၄၇)ဧကရှိ မြေနှင့် အဆောက်အဦအား ငှားရမ်း၍ CMP /Normal စနစ်ဖြင့် ငါး/ပုစွန်ပြုပြင် အေးခဲထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဒေါ်ခင်မြင့်လွင် (အဘ - ဦးဘမြင့်) မှ အဆိုပြု တင်ပြလာပါသည်။

၂။ U Ni & Daw Phyu Family Co., Ltd. ၏ အဆိုပြုချက် နှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီ၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန နှင့် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်တို့သို့ သဘောထားများ တောင်းခံခဲ့ရာ အောက်ပါအတိုင်း သဘောထား ပြန်ကြားလာပါသည်-

(က) **ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ (နောက်ဆက်တွဲ - က)**

(၁) ကုမ္ပဏီမှာ လက်ရှိတွင် Ghani Win International Modern Processing Plant & Cold Storage အမည်ဖြင့် ငါး/ပုစွန် ရေထွက်ပစ္စည်းများ ထုတ်ပိုး၍ ပြည်ပသို့ တင်ပို့ရောင်းချလျက် ရှိပါကြောင်း၊ လုပ်ငန်းမှာ လက်ရှိ လည်ပတ် နေသည့် စက်ရုံတွင် ကုန်ကြမ်းကို ပြုပြင်ထုတ်ပိုးပြီး ကုန်ချော ထုတ်ပိုး တင်ပို့သည့် စနစ် (CMP System)နှင့် ကုန်ကြမ်းများအား ကုန်ချော ထုတ်ပိုး၍ တင်ပို့ ရောင်း ချသည့် စနစ် (Normal System)ဖြင့် ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ လုပ်ငန်း လည်ပတ်ခွင့် ရရှိပါက ဝန်ထမ်းအင်အား (၇၀)ဦးမှ (၁၅၀)ဦးအထိ ထပ်တိုးခန့် ထားနိုင်မည်ဖြစ်ပါကြောင်း၊

(၂) လုပ်ငန်း ဆောင်ရွက်မည့် မြေနေရာမှာ လက်ရှိတွင် ဂစ္ဆဝင်းအအေးခန်း ငါး စက်ရုံအတွင်း ဆောင်ရွက်မည်ဖြစ်သဖြင့် မြေနေရာ သုံးစွဲခြင်းအတွက် အဆင်ပြေမှု ရှိပါကြောင်း၊

(၃) သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိနိုင်ပါကြောင်း ၊

(၄) ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ (၂၃/၂၀၁၂) (၁၄-၆-၂၀၁၂) အစည်းအဝေး ဆုံးဖြတ်ချက်အရ U Ni & Daw Phyu Family Co., Ltd. မှ CMP / Normal စနစ်ဖြင့် ငါး/ပုစွန် အေးခဲ ထုတ်ပိုးခြင်းလုပ်ငန်း ဆောင်ရွက်မှုအား ကန့်ကွက်ရန် မရှိပါကြောင်း နှင့် ဥပဒေနှင့်အညီ ဆောင်ရွက် ခွင့်ပြုသင့်ပါကြောင်း၊

(ခ) **CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီ ။** CMP ကုန်ကြမ်း လိုအပ်ချက်နှင့် ကုန်ချော ထုတ်လုပ်မှု အချိုးအစား ညီညွတ်မှုရှိပါကြောင်း၊ CMP လက်ခ နှုန်း ထားများ ဆီလျော်မှုရှိပါကြောင်း၊ နှစ်စဉ်ထုတ်လုပ်ရန် စက်အင်အား၊ လူအင်အား အချိုးအစား သင့်တင့်မျှတမှု ရှိပါကြောင်း၊ **(နောက်ဆက်တွဲ - ခ)**

(ဂ) **မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ။** Normal စနစ်အတွက် စက်ရုံတွင် ရေချိုရေငန် ငါး/ပုစွန် ကုန်ကြမ်း တစ်နှစ် ပျမ်းမျှ(၃၀၄၀)တန်ခန့် ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ကုန်ချော အပိုင်းတွင် တစ်နှစ်လျှင် ရေချိုရေငန် ပုစွန် (၄၅၆)တန်ခန့် နှင့် ရေချိုရေငန် ငါး (၁၇၁၀)တန်ခန့် ထွက်ရှိမည်ဖြစ်ပါကြောင်း၊ CMP စနစ် အတွက် ရေချိုရေငန်ပုစွန် ကုန်ကြမ်း တစ်နှစ်(၅၇၀)တန်မှ ကုန်ချော(၂၂၈)တန်ခန့် ထွက်ရှိနိုင်ပါကြောင်း၊ ရေချို ရေငန်ငါး ကုန်ကြမ်း တစ်နှစ်(၅၇၀)တန်မှ ကုန်ချော (၅၁၃)တန်ခန့် ထွက်ရှိနိုင်ပါကြောင်း၊ ကုန်ကြမ်း လိုအပ်ချက်နှင့် ကုန်ချော ထုတ်လုပ်မှု အချိုးအစား ညီညွတ်မှု ရှိပါကြောင်း၊ ကုန်ကြမ်းနှင့် ကုန်ချော ဈေးနှုန်းများမှာ ဆီလျော်မှုရှိပါကြောင်း၊ စက်ရုံ၌ တပ်ဆင်မည့် စက်များ၏ Capacity အရ အနည်းဆုံး တစ်နေ့ ငါး/ပုစွန် (၈)တန် ထုတ်လုပ်နိုင်ပါကြောင်း၊ စက်အင်အား၊ လူအင်အား အချိုးအစား ညီမျှမှု ရှိပါကြောင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းမှု မရှိစေရန် အစီအစဉ်နှင့်မီးဘေးကာကွယ်မှု အစီအစဉ်များ ထားရှိပါကြောင်း၊ ထုတ်လုပ်မည့် ကုန်ချောပမာဏနှင့် ကိုက်ညီအောင် ကုန်ကြမ်း အလုံအလောက် ရရှိနိုင်ပါကြောင်း၊ **(နောက်ဆက်တွဲ - ဂ)**

(ဃ) **စက်မှုဝန်ကြီးဌာန၊စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန။** ပြည်တွင်း ငါး၊ပုစွန်များအား ဝယ်ယူ၍ CMP စနစ်ဖြင့် ဆောင်ရွက်မည်ဟု လျှောက်ထားခြင်းမှာ မှန်ကန်မှု မရှိဟု သုံးသပ်ထားပါသည်။ CMP စနစ်သည် အမှာစာ/စာချုပ်များအရ ပြည်ပမှ ကုန်ကြမ်း ပေးသွင်း၍ လုပ်ခစား စနစ်ဖြင့် (Cutting , Making,

Packaging) ပြုလုပ်ပြီး ကုန်ချောများ ပြန်လည် တင်ပို့သော အပ်ကုန်စနစ် ဖြစ်ပါကြောင်း၊ **(နောက်ဆက်တွဲ - ဃ)**

(င) ကုမ္ပဏီမှ (၁၁-၇-၂၀၁၂)ရက်စွဲပါ စာဖြင့် စက်မှုကြီးကြပ်ရေး နှင့်စစ်ဆေးရေး ဦးစီးဌာန၏ သဘောထား ပြန်ကြားချက်အပေါ် ပြည်တွင်း၌ ငါး၊ ပုစွန် ဝယ်ယူခြင်းသည် Normal System ဖြင့် ဆောင်ရွက်မည့် အစီအစဉ်ဖြစ်ပြီး CPP System(သို့မဟုတ်) CMP System ဖြင့် ဆောင်ရွက်မည့် အစီအစဉ်မှာ ပြည်ပလုပ်ငန်း အပ်နှံသူထံမှ တင်ပို့လာသည့် ငါးပုစွန်များကို ကုန်အမှာစာအတိုင်း ပြုပြင်အေးခဲ ထုတ်ပိုး၍ လက်ခကိုသာ ရယူပြီး ပြန်လည်တင်ပို့မည့် အစီအစဉ် ဖြစ်ပါသည်။ သယ်ယူ စရိတ်များ၊ သင်္ဘောစရိတ်များ၊ အခြားစရိတ်များသည် လုပ်ငန်းအပ်နှံသူ၏ ကုန်ကျမှုစရိတ်သာဖြစ်ပါကြောင်း ရှင်းလင်းတင်ပြထားပါသည်။**(နောက်ဆက်တွဲ - င)**

(စ) **ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု** လုပ်ငန်းရှင်များ **အသင်းချုပ်**။ U Ni & Daw Phyu Family Co., Ltd. မှ ရန်ကုန်တိုင်း ဒေသကြီး၊ ရွှေပြည်သာမြို့နယ် ၊ စက်မှုဇုန် အပိုင်း(၃)၊ မြေတိုင်းရပ်ကွက် အမှတ် (၆၄)၊ မြေကွက် အမှတ် (၁၆၅) ရှိမြေ (၁.၉၄၇)ဧက ရှိ မြေနှင့် အဆောက်အဦအား ငှားရမ်း၍ CMP / Normal စနစ်ဖြင့် ငါး/ပုစွန်ပြုပြင် အေးခဲထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက် ခွင့်ပြု ပါရန် လျှောက်ထားခြင်းအပေါ် ကန့်ကွက်ရန်မရှိပါကြောင်း၊ **(နောက်ဆက်တွဲ - စ)**

၃။ လျှပ်စစ်ဓါတ်အားကို မြန်မာ့လျှပ်စစ်ဓါတ်အားလုပ်ငန်းမှ ရယူမည့်အပြင် ကိုယ်ပိုင်မီးစက်ဖြင့် ထားရှိဆောင်ရွက်မည်ဖြစ်ကြောင်း ကုမ္ပဏီမှ တင်ပြထားပါသည်။

၄။ လုပ်ငန်း အဆိုပြုချက်ကို **(နောက်ဆက်တွဲ - ဆ)** ဖြင့် ဖော်ပြထားပါသည်။ လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ စုစုပေါင်း ကျပ် (၁၂၀၀.၀၀) သန်းဖြစ်ပြီး၊ လုပ်ငန်းအတွက် လိုအပ်သော စက်ပစ္စည်းများ တန်ဖိုး US$ (၀.၄၆)သန်းဖိုးအား ဝယ်ယူပြီးကြောင်း အထောက်အထားများ တင်ပြထားပါသည်။ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပုံစံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က)	ငွေသား	၆၇.၂၇	
(ခ)	**စက်ပစ္စည်းကိရိယာများ**	၁၁၂၇.၂၀	(US$ ၁.၃၇ သန်း အပါအဝင်)
(ဂ)	ပရိဘောဂနှင့် လုပ်ငန်းသုံး ပစ္စည်း	၅.၅၃	

စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ကျပ် ၁၂၀၀.၀၀ သန်း (US$ ၁.၃၇ သန်း အပါအဝင်)

၅။ အဆိုပြုလုပ်ငန်းမှ အသင့်ထုတ်ပိုးပြီး ငါး/ပုစွန် များကို ပြည်ပသို့ (၁၀၀) ရာခိုင်နှုန်း တင်ပို့ရောင်းချမည်ဖြစ်ပါသည်။ ပုံမှန်နှစ်(၅-နှစ်မြောက်)တွင် ထုတ်လုပ်နိုင်မှု နှင့် CMP လက်ခနှုန်း၊ ရောင်းဈေးနှုန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

စဉ်	အမျိုးအမည်	ထုတ်လုပ်မှု (m.t)	CMP / Normal လက်ခနှုန်း (US$)
	CMP System		
(က)	ငါး	၅၄၀	၀.၅၁
(ခ)	ပုစွန်	၂၄၀	၁.၀၂
	Normal System		
(ဂ)	ငါးမြစ်ချင်း	၉၀၀	၁၃၀၀
(ဃ)	ငါးကြင်း	၉၀၀	၂၅၀၀
(င)	ရေချိုပုစွန်	၂၄၀	၂၂၀၀
(စ)	ရေချိုပုစွန်ထုတ်	၂၄၀	၁၀၅၀၀

၆။ လုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ်(၅)နှစ်မြောက်တွင် ရရှိမည့် ဝင်ငွေနှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

အမေရိကန်တစ်ဒေါ်လာ= ၈၂၀ကျပ်

စဉ်		**နိုင်ငံခြားငွေဖြင့် US$(သန်း)**	**ညီမျှသော ကျပ်(သန်း)**	**ကျပ်ငွေဖြင့် ကျပ်(သန်း)**	**စုစုပေါင်း ကျပ်(သန်း)**
(က)	ဝင်ငွေ	၆.၉၉	၅၇၃၀.၃၂	-	၅၇၃၀.၃၂
(ခ)	အသုံးစရိတ်	၀.၁၃၇	၁၁၂.၃၄	၅၅၉၈.၂၃	၅၇၁၀.၅၇
(ဂ)	အသားတင် အမြတ်	၆.၈၅	၅၆၁၇.၉၈	(၅၅၉၈.၂၃)	၁၉.၇၅

၇။ နိုင်ငံတော်မှ ပုံမှန်နှစ် (၅-နှစ်မြောက်)တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ ဝင်ငွေခွန် ကျပ် (၆.၅၈) သန်း ရရှိမည် ဖြစ်ပါသည်။ လုပ်ငန်း၏ အရင်းကြေ ကာလမှာ (၃)နှစ် (၇)လဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR) မှာ (၂၅) ရာခိုင်နှုန်း ဖြစ်ပါသည်။ အဆိုပြု လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့် သက်တမ်းမှာ (၁၀)နှစ် ဖြစ်ပါသည်။

၈။ လုပ်ငန်း ဆောင်ရွက်ရန် ပြည်တွင်းမှ လုပ်သား (၂၃၄) ဦးနှင့် ပြည်ပလုပ်သား(၅)ဦး ခန့်ထားမည် ဖြစ်ပါသည်။ ဝန်ထမ်းသက်သာ ချောင်ချိရေးနှင့် လုပ်ငန်းခွင် သာယာရေး အတွက် ကြို/ပို့ယာဉ် စီစဉ်ပေးခြင်း၊ အချိန်ပို လုပ်အားခပေးခြင်း၊ ထိခိုက်ဒဏ်ရာ ရရှိပါက ဆေးရုံ/ ဆေးခန်းများသို့ သွားရောက်ကုသပေးစေခြင်း၊ မီးဘေး ကာကွယ်မှု အစီအစဉ်များ စီစဉ်ဆောင်ရွက်ပေးခြင်းများ စီစဉ်ပေးထားပါကြောင်း ကုမ္ပဏီမှ တင်ပြထားပါသည်။

၉။ ငွေကြေး အထောက်အထားအဖြစ် ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ဝင်း အမည်ဖြင့် မြဝတီဘဏ် လီမိတက်ရှိ (၉-၄-၂၀၁၂) နေ့ရှိ ငွေလက်ကျန် ကျပ်(၇၇.၈၉)သန်း နှင့် ရောဝတီဘဏ် လီမိတက်ရှိ (၂-၅-၂၀၁၂) နေ့ရှိ ငွေလက်ကျန် ကျပ်(၄၉.၉၄)သန်း စုစုပေါင်း ငွေလက်ကျန် ကျပ်(၁၂၇.၈၃)သန်း တင်ပြထားရာ သုံးစွဲရန် ကျပ်(၇၂.၇၉)သန်း အတွက် လုံလောက်မှုရှိကြောင်း စိစစ်ရပါသည်။ နိုင်ငံခြားငွေ အထောက်အထားအဖြစ် ကုမ္ပဏီ၏ မန်နေဂျင်း ဒါရိုက်တာ ဦးအောင်ဝင်း အမည်ဖြင့် (၄-၅-၂၀၁၂)နေ့ ငွေလက်ကျန် US$(၇၈၄၉၂) တင်ပြထားပါသည်။ ပြည်ပမှ စက်ပစ္စည်း ဝယ်ယူရန် အမေရိကန်ဒေါ်လာ (၀.၉၁)သန်း ၏ (၈.၇၉%) တင်ပြထားကြောင်း စိစစ်ရပါသည်။

၁၀။ ယင်းလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်ပြီး နိုင်ငံခြားမှ မည်သူမျှ ပိုင်ဆိုင်မှု မရှိကြောင်း၊ မီးဘေးအန္တရာယ် မဖြစ်ပွားစေရန်အတွက် လိုအပ်သော အစီအမံများ ကြိုတင် ကာကွယ်မှုများ ပြုလုပ်ထားမည် ဖြစ်ကြောင်း၊ ပုဂ္ဂလိက စက်မှုလုပ်ငန်း ဥပဒေအရ ပြည်နယ် / တိုင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် ပုဂ္ဂလိက စက်မှုလုပ်ငန်း မှတ်ပုံတင် ထားရှိမည် ဖြစ်ကြောင်း၊ မြေယာနှင့် ပတ်သက်၍ နိုင်ငံတော်မှ သတ်မှတ်ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်သွားမည် ဖြစ်ကြောင်းဝန်ခံ ကတိပြုထားပါသည်။

၁၁။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၂ အရ ဝင်ငွေခွန် ကင်းလွတ်ခွင့်ကိုလည်းကောင်း၊ ပုဒ်မ ၁၃ အရ အခွန်အကောက် ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့်များကိုလည်းကောင်း ခံစားခွင့်ပြုရပါမည်။

၁၂။ သို့ဖြစ်ပါ၍ U Ni & Daw Phyu Family Co., Ltd. မှ ရန်ကုန်တိုင်း ဒေသကြီး၊ ရွှေပြည်သာမြို့နယ် ၊ စက်မှုဇုန် အပိုင်း(၃)၊ မြေတိုင်းရပ်ကွက် အမှတ် (၆၄)၊ မြေကွက် အမှတ် (၁၆၅) ရှိမြေ (၁.၉၄၇)ဧက ရှိ မြေနှင့် အဆောက်အဦအား ငှားရမ်း၍ CMP / Normal စနစ်ဖြင့် ငါး/ပုစွန်ပြုပြင် အေးခဲထုတ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့် ပြုပါရန် တင်ပြခြင်းအပေါ် လမ်းညွှန်မှု ခံယူအပ်ပါသည်။

အတွင်းရေးမှူး(ကိုယ်စား)
(ဟန်ဝင်းအောင်၊ညွှန်ကြားရေးမှူး)

မိတ္တူ - ရုံးလက်ခံ

နောက်ဆက်တွဲ(က)

ပိုင်းဒေသကြီးအစိုးရအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး

စာအမှတ်၊ ၂ / ၃ - ၆ (၃) / စီးပွား
ရက်စွဲ ၊ ၂၀၁၂ ခုနှစ် ဇူလိုင်လ ၃ ရက်

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အကြောင်းအရာ။ ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည်ညွှန်းချက် ။ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၉ - ၅ -၂၀၁၂ ရက်စွဲပါစာအမှတ်၊ ရက-၆(က)/ မ-၁၂၃၀/ ၂၀၁၂ (၇၀၁၉-ည)

၁။ U Ni & Daw Phyu Co., Ltd. သည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးအောင်ဝင်း အမည်ဖြင့် အသုံးပြုခွင့်ရရှိထားသော ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ရွှေပြည်သာ စက်မှုဇုန်(၃)၊ ဦးထွန်းညိုလမ်း၊ မြေကွက်အမှတ် (၁၆၅) ရှိ မြေ(၁.၉၄၇)ဧကနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦများကိုငှားရမ်း၍ CMP/Normal စနစ်ဖြင့် ငါး၊ပုဇွန်အအေးခန်းလုပ်ငန်း ဆောင်ရွက်ခြင်းအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုနိုင်ရေး တင်ပြလာခြင်းအပေါ် သဘောထားမှတ်ချက်ပေးနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးနှင့်အဖွဲ့သည် ဇွန်လ ၈ ရက်နေ့ (၁၅:၃၀) အချိန်မှ (၁၅:၄၅) အချိန်ထိ ကွင်းဆင်းစစ်ဆေးဆွေးနွေး ဆောင်ရွက်ခဲ့ပါသည်။

၂။ လုပ်ငန်းဆောင်ရွက်မည့် ဂနီဝင်းအအေးခန်းငါးစက်ရုံသို့ သွားရောက်ကွင်းဆင်း စစ်ဆေးခဲ့သည့် တွေ့ရှိချက်များအား အောက်ပါအတိုင်း သဘောထားမှတ်ချက်ပြု တင်ပြအပ်ပါသည်-

(က) ကုမ္ပဏီမှာ လက်ရှိတွင် Ghani Win International Modern Processing Plant & Cold Storage အမည်ဖြင့် ငါး/ပုဇွန်ရေထွက်ပစ္စည်းများ ထုတ်ပိုး၍ ပြည်ပသို့ တင်ပို့ရောင်းချလျှက် ရှိပါသည်။ အဆိုပြုလုပ်ငန်းမှာ လက်ရှိလည်ပတ်နေသည့် စက်ရုံတွင် ငါး/ပုဇွန်ကုန်ကြမ်းကို အမှာစာအတိုင်း ပြုပြင်ထုတ်လုပ်ပြီး ကုန်ချောထုတ်ပိုး တင်ပို့သည့်စနစ် (CMP System) နှင့် ကုန်ကြမ်းများအား

ကုန်ချောထုတ်ပိုး၍ တင်ပို့ရောင်းချသည့်စနစ် (Normal System) ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ပြည်တွင်းငါး/ပုဇွန်ကုန်ကြမ်း ရရှိမှုသည် ရံဖန်ရံခါပြတ်လတ်မှု ဖြစ်ပွားလာသည့်အတွက် မိမိစက်ရုံပုံမှန်လည်ပတ်ပြီး လုပ်သားများအလုပ်မြဲစေရေးအတွက် ပြည်ပကုမ္ပဏီမှပေးပို့လာသည့် ကုန်ကြမ်းများကို လက်ခစားကုန်ချောထုတ်လုပ်ရေး ဖြည့်စွက်စီမံခြင်းဖြစ်ပါသည်။ လက်ရှိလည်ပတ်လျှက်ရှိသည့် ဂန္ဓီဝင်းအအေးခန်းငါးစက်ရုံတွင် ဝန်ထမ်းအင်အား (၉၀) ဦးခန့် ခန့်ထားလည်ပတ်လျှက်ရှိပြီး အဆိုပြုလုပ်ငန်း ဆောင်ရွက်ခွင့်ရရှိမည်ဆိုပါက ဝန်ထမ်းအင်အား (၇၀) ဦးမှ (၁၅၀) ဦး ထိ ထပ်တိုးခန့်ထားနိုင်မည်ဖြစ်သဖြင့် မိမိနိုင်ငံသူ၊နိုင်ငံသားများ အလုပ်အကိုင် ရရှိစေခြင်း၊ စက်ရုံမှ ထုတ်ပိုးပြီးဖြစ်သော ကုန်ချော ငါး/ပုဇွန်ရေထွက်ပစ္စည်းများအား ပြည်ပသို့ (၁၀၀%) တင်ပို့ရောင်းချမည်ဖြစ်သဖြင့် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ ရရှိခြင်း၊ ထုတ်လုပ်မည့် နည်းစနစ်များအား မိမိနိုင်ငံရှိလုပ်သားများ တတ်ကျွမ်း စေပြီး အသိ၊ အတတ်ပညာ ထွန်းကားစေခြင်း စသည့်ဒေသစီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေး ကို အထောက်အကူဖြစ်စေပါမည်။

(ခ) အဆိုပြုလုပ်ငန်းဆောင်ရွက်မည့် နေရာမှာ လက်ရှိတွင် ငါး/ပုဇွန်ရေထွက်ပစ္စည်းများ ထုတ်လုပ်လျှက်ရှိသည့် ဂန္ဓီဝင်းအအေးခန်းငါးစက်ရုံတွင်း ဆောင်ရွက်သွားမည်ဖြစ်သဖြင့် မြေနေရာသုံးစွဲခြင်းအတွက် အဆင်ပြေမှုရှိပါသည်။

(ဂ) အဆိုပြုလုပ်ငန်းဆောင်ရွက်မည့် နေရာဖြစ်သော ဂန္ဓီဝင်းအအေးခန်းငါးစက်ရုံမှာ စက်ရုံအတွင်း သန့်စင်ခန်းများထားရှိခြင်း၊ စက်ရုံပတ်ဝန်းကျင် သန့်ရှင်းရေး ကောင်းမွန်အောင် အမြဲဆောင်ရွက်ထားရှိခြင်း ရေနုတ်မြောင်းများအား ရေစီးရေလာ ကောင်းမွန်အောင် ဆောင်ရွက်ထားရှိခြင်း ပတ်ဝန်းကျင်အနံ့ဆိုးများ ထွက်ရှိမှု မရှိခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုမရှိနိုင်ပါ။

(ဃ) အထက်ပါ သဘောထားမှတ်ချက်များကြောင့် U Ni & Daw Phyu Co., Ltd. မှ CMP/Normal စနစ်ဖြင့် ငါး၊ပုဇွန်အေးခဲထုတ်ပိုးခြင်းလုပ်ငန်းအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ လုပ်ငန်းဆောင်ရွက်ခွင့် တင်ပြလာခြင်းအပေါ် ၁၄-၆-၂၀၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ Cabinet အစည်းအဝေး စဉ်(၂၃/၂၀၁၂)တွင် ကန့်ကွက်ရန်မရှိကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

၄။ သို့ဖြစ်ပါ၍ U Ni & Daw Phyu Co., Ltd. မှ CMP/Normal စနစ်ဖြင့် ငါး၊ပုဇွန်အေးခဲခြင်းလုပ်ငန်းအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီဆောင်ရွက်ခွင့်ပြုသင့်ပါကြောင်း တောက်ခံတင်ပြအပ်ပါသည်။

(မြင့်ဆွေ)
ဝန်ကြီးချုပ်

မိတ္တူကို

- U Ni & Daw Phyu Co., Ltd.
- ရုံးလက်ခံ
- မျှောစာတွဲ

နောက်ဆက်တွဲ (ခ)

စာအမှတ်၊ ၁၁/၂၀၀၂(၁၆၉၅)
ရက်စွဲ၊ ၂၀၀၂ ခုနှစ် ဩဂုတ်လ ၂၉ ရက်

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရုံးအမှတ်(၃၂)၊ နေပြည်တော်

အကြောင်းအရာ။ U Ni & Daw Phyu Co., Ltd မှ CMP စနစ်ဖြင့် ပါး၊ ပုဇွန်၊ ငါးဖယ်ငါးမြှုပ်လုပ်ငန်းဆောင်ရွက်နိုင်ရေးအပေါ် သဘောထားမှတ်ချက်ပေးပို့ခြင်း

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၉-၇-၂၀၀၂ ရက်စွဲပါစာအမှတ်၊ ရက-မြ(က)/ စ-၁၂၃/ ၂၀၀၂ (၃၀၀၉-၈၅)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ စက်မှုဇုန်(၁)၊ ဦးထွန်းရွှေလမ်း၊ မြေကွက်အမှတ်(၁၆၅)ရှိ မြေ(၀.၉၄၇)ဧကပေါ်တွင် အဆောက်အအုံများဖြင့် ဆောင်ရွက်လုပ်ကိုင်သည့် U Ni & Daw Phyu Co., Ltd ၏ ငါးထုပ်ပိုးစက်ရုံ၏ CMP လုပ်ငန်းများ စစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ၊ အလုပ်ရုံနှင့်အလုပ်သမားစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်၊ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ... စက်မှုကြီးကြပ်ရေး နှင့် စစ်ဆေးရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ... ဈေးကွက်ရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန စစ်ဆေးရေးနှင့်အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးဌာနခွဲမှ ဦးစီးအရာရှိ ဒေါ်ခင်မိုးတင့်တို့သည် ၈.၆.၂၀၀၂ ရက်နေ့(၁၃း၀၀)နာရီတွင် ... ရင်းနှီးမြှုပ်နှံသူ ဒေါ်ခင်မြင့်လွင်နှင့်အတူ စက်ရုံအတွင်း လှည့်လည်စစ်ဆေးခဲ့ပါသည်။

၂။ စက်ရုံအား ၁၉၉၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး အလုပ်သမား ကျား(၆၀)ဦး၊ မ(၃၁)ဦး၊ ပေါင်း(၉၁)ဦးဖြင့် လုပ်ကိုင်လျက်ရှိပါသည်။ ၁၆.၁၂.၂၀၀၉ ရက်နေ့တွင် EU မှ အသိအမှတ်ပြုလက်မှတ်ရရှိခဲ့ပြီး မြန်မာနိုင်ငံမှ ရေချို၊ ရေငန် ငါး/ပုဇွန်များ ကုန်ကြမ်းရယူ၍ UK, Dubai, Pakistan, Kuwait, USA, Italy နိုင်ငံများသို့ ကုန်ချောအဖြစ် တင်ပို့လျက်ရှိကြောင်း သိရှိရပါသည်။

၃။ U Ni & Daw Phyu Co., Ltd ၏ အဆိုပြုချက်အား အောက်ပါအတိုင်း စိစစ်တင်ပြအပ်ပါသည် -

(က) CMP ကုန်ကြမ်းမှသို့အစပ်ချက်နှင့်ကုန်ချောထုတ်လုပ်မှု အချိုးအစားညီညွတ်မှု ရှိ/မရှိ။ အဆိုပြုချက်ပါ ကုန်ကြမ်းရရှိနိုင်မှုနှင့်ပတ်သက်၍ ရေချို/ရေငန် ပုဇွန်တစ်နှစ်ကုန်ကြမ်း ၅၃၀ တန်မှ ... ၂၂၈ တန်ခန့် ထွက်ရှိမည်ဖြစ်ရာ တစ်ရက်ကုန်ချော ၀.၆၂ တန်ခန့် ထွက်ရှိမည်ဖြစ်ပြီး ရေချို/ရေငန် ငါး တစ်နှစ်ကုန်ကြမ်း ၅၃၀ တန်မှ ကုန်ချော ၅၁၃ တန်ခန့် ထွက်ရှိမည်ဖြစ်ရာ တစ်ရက်ကုန်ချော ၁.၄ တန်ခန့် ထွက်ရှိမည်ဖြစ်ကြောင်း ဖော်ပြထားသဖြင့် ကုန်ကြမ်းလိုအပ်ချက်နှင့်ကုန်ချောထွက်ရှိမှု အချိုးအစား ညီညွတ်မှုရှိပါသည်။

(ဓ) CMP [illegible] အဆိုပြုချက်ပါ CMP ဈေးနှုန်း/[illegible] နှင့် ဈေးနှုန်း/ဈေးနှုန်း ငါး ပေးပို့[illegible] များ ဆီလျော်မှုရှိကြောင်း တွေ့ရှိရပါသည်။

(ဂ) နှစ်စဉ်ထုတ်လုပ်[illegible] လုပ်ငန်းအား လုပ်ငန်းအား အချိုးအစား ညီမျှမှု ရှိ/မရှိ။ အဆိုပြုချက်ပါ ကုန်[illegible] ထုတ်လုပ်ရန် [illegible] ထုတ်လုပ်ရန် Contract Freezer (0.5) MT/90 Min (၁)လုံး၊ Air Blast Freezer (5)MT/8 Hr (၁)လုံး၊ (3)MT/8 Hr (၁)လုံး၊ Cold Store (200)MT (၂)လုံး၊ Flake Ice (10)MT/day (၁)လုံး၊ [illegible] အနည်းဆုံး(၁)ရက်လျှင် ငါး/ပုစွန် (8)MT ထုတ်လုပ်နိုင်ပါသည်။ [illegible] ကုန်ကြမ်း/ကုန်ချောများ[illegible] သက်ဆိုင်ဆောင်ရွက်နိုင် လုပ်သား(၅၀)ဦး အသုံးပြုမည်ဖြစ်၍ လုပ်ငန်းအား [illegible] အချိုးအစားညီညွတ်မှုရှိပါသည်။

၃။ သို့ဖြစ်ပါ၍ U Ni & Daw Phyu Co., Ltd ၏ အဆိုပြုလွှာတွင် [illegible] ညှစ်ညမ်းမှုမရှိစေရန် ရေဆိုးများကို [illegible] မီးဖေးကြိုတင်[illegible] အစီအစဉ်များ ဆောင်ရွက်ထားရှိမည့် အစီအစဉ်များကို [illegible] တွေ့ရှိရပါသည်။ EU Standard နှင့်အညီ တည်ဆောက်ထားခြင်း၊ ထုတ်လုပ်မည့် ကုန်ချော[illegible] ကုန်ကြမ်းရရှိနိုင်ခြင်းစသည့် အားသာချက်များ စစ်ဆေးတွေ့ရှိရသဖြင့် CMP [illegible] ငါး ပုစွန် အအေးခန်းလုပ်ငန်းလုပ်ကိုင်ခွင့်ကို အားပေး ဆောင်ရွက်သင့်ပါကြောင်း [illegible] ကြားအပ်ပါသည်။

(ကိုယ်စား)
(မြင့်သိန်းအောင်ရေးမှူး)
(ဒုတိယဝန်ကြီး၊ အလုပ်သမားဝန်ကြီးဌာန)

မိတ္တူကို

- စက်မှုဝန်ကြီးဌာန
- CMP လုပ်ငန်းများ [illegible] ဆောင်ရွက်ရေးဆပ်ကော်မတီ (အလုပ်သမား[illegible] ဝန်ကြီးဌာန)
- CMP လုပ်ငန်းများ [illegible] စစ်ဆေးရေးအဖွဲ့ အလုပ်ရုံနှင့်အလုပ်[illegible] စစ်ဆေးရေးဦးစီးဌာန
- U Ni & Daw Phyu Co., Ltd
- ရုံးလက်ခံ/မျှောစာတွဲ

D/NPT(6T)/S2/CMP/MIC/ U Ni & Daw Phyu

နောက်ဆက်တွဲ (ဂ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ဝန်ကြီးရုံး

စာအမှတ်၊ ၁/၂၀၀ (ည)/နပတ/၇၀၀၀/
ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၂၉ ရက်

အကြောင်းအရာ။ **အအေးခန်းစက်ရုံတည်ဆောက်၍ CMP/ Normal စနစ်(၂)မျိုးဖြင့် ငါး/ပုစွန် ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြခြင်း**

ရည် ညွှန်း ချက် ။ (၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂၉- ၅- ၂၀၁၂) ရက်စွဲပါ စာအမှတ်၊ ရက - ၆(က)/ မ-၁၂၃၀/၂၀၁၂ (၇၀၁၉-၈)
(၂) ငါးလုပ်ငန်းဦးစီးဌာန၏ (၁၂- ၆- ၂၀၁၂) ရက်စွဲပါစာအမှတ်၊လေ/ FIQC-လဝ/၂၀၁၂ - ၂၀၁၃ / ၇၂၂၂

၁။ U Ni & Daw Phyu Family Co,Ltd သည် မြို့ရွာ နှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးအောင်ဝင်း အမည်ဖြင့် အသုံးပြုခွင့်ရရှိထားသော၊ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်(၃) ဦးထွန်းညိုလမ်း၊ မြေကွက်အမှတ် (၁၆၅) ရှိ မြေ(၁.၉၄၇)ဧကနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦများကို ငှားရမ်း၍ CMP/Normal စနစ်ဖြင့် ငါး/ပုစွန်အအေးခန်းစက်ရုံ တည်ထောင်ဆောင်ရွက်ခြင်းလုပ်ငန်းအား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် အညီဆောင်ရွက်ခွင့်ပြုပါရန်တင်ပြချက်အပေါ်၊မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏ သဘောထားပြန်ကြားပေးရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရည်ညွှန်းချက်(၁)ပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ U Ni & Daw Phyu Family Co,Ltd ၏ အဆိုပြုချက်ပါ လုပ်ငန်းနှင့်စပ်လျဉ်း၍ စိစစ်ချက်အား အောက်ပါအတိုင်းတင်ပြအပ်ပါသည်-

(က) အဆိုပြုချက်တွင် ဖော်ပြထားသော Normal စနစ်အတွက် စက်ရုံတွင် ကုန်ကြမ်း ရရှိမှုအခြေအနေမှာ ရေချိုရေငန် ပုစွန်ကုန်ကြမ်း တစ်နှစ်ပျမ်းမျှ (၁၁၄၀) တန်၊ ရေချို/ရေငန်ငါးကုန်ကြမ်း တစ်နှစ်ပျမ်းမျှ(၁၉၀၀)တန်ခန့် ရရှိနိုင်မည်ဖြစ်ပါသည်။ ကုန်ချောထုတ်လုပ်မှုအပိုင်းတွင် ရေချိုရေငန် ပုစွန်ကုန်ချော (၄၅၆) တန်ခန့် ထုတ်လုပ်နိုင်မည်ဟု ဖော်ပြထားပါသဖြင့်၊ တစ်ရက် ပုစွန်ကုန်ချော (၁.၂၅) တန် ထုတ်လုပ်နိုင်ပါကြောင်း၊ ရေချိုရေငန်ငါးတစ်နှစ်ပျမ်းမျှ (၁၇၁၀) တန်ထွက်ရှိမည်ဖြစ်ပြီး၊ တစ်ရက် ငါးကုန်ချော (၄.၆၈)တန် ထုတ်လုပ်နိုင်ပါကြောင်း၊ CMP စနစ်အတွက် ရေချိုရေငန်ပုစွန်ကုန်ကြမ်း တစ်နှစ်ပျမ်းမျှ (၅၇၀)တန်မှ ကုန်ချော (၂၂၈) တန်ခန့် ထွက်ရှိ၍ တစ်ရက်ပုစွန်ကုန်ချော (၀.၆၂) တန်ခန့်ထွက်ရှိ၍ပြီး ရေချိုရေငန်ငါး ကုန်ကြမ်း တစ်နှစ်ပျမ်းမျှ (၅၇၀) တန်မှ ကုန်ချော (၅၁၃) တန်ခန့်ထွက်ရှိ၍ တစ်ရက် ငါးကုန်ချော (၁.၄)တန်ခန့် ထုတ်လုပ်နိုင်ပါကြောင်း တင်ပြအပ်ပါသည်။ အဆိုပြု တင်ပြသည့်ကုန်ကြမ်းလိုအပ်ချက်နှင့် ကုန်ချောထုတ်လုပ်မှု အချိုးအစားညီညွတ်မှု ရှိသည်ကိုတွေ့ရပါသည်။

(ခ) ကုန်ကြမ်းဈေးနှုန်းမှာ အဆိုပြုချက်တွင် ရေချို/ရေငန် ပုစွန်တစ်တန်လျှင် ကျပ် (၂၆.၈၁၈) သိန်း ဖြစ်၍ တစ်ပိဿာလျှင် (၄၂၉၀.၈၈) ကျပ်ခန့်ဈေးရှိပြီး၊ ရေချို/ရေငန်ငါးတစ်တန်လျှင် ကျပ်(၂၂.၇၉)သိန်းဖြစ်၍ တစ်ပိဿာလျှင် (၃၆၄၆.၄)ကျပ် ခန့်ရှိပါကြောင်း၊ ဒေသတွင်း စီစစ်လေ့လာချက်အရ၊ ရေချို/ရေငန်ပုစွန် ပျှမ်းမျှ တစ်ပိဿာလျှင် (၅၀၀၀) ကျပ်ခန့်၊ ရေချို/ရေငန်ငါးတစ်ပိဿာလျှင် (၃၆၅၀) ကျပ်ခန့်ရှိပါကြောင်း၊ ကုန်ချောဈေးနှုန်းမှာ အဆိုပြုချက်တွင် Normal စနစ် အတွက် ပြည်ပရောင်းဈေးမှာ ရေချို/ ရေငန်ပုစွန်တစ်တန်လျှင် US$ (၇၆၂၀) နှင့် ငါးတစ်တန်လျှင် US$ (၂၂၈၀) ခန့်ဖော်ပြထားပါကြောင်း၊ ပြည်ပပို့ကုန် ဈေးနှုန်းလေ့လာချက်အရ ရေချို/ရေငန်ပုစွန်တစ်တန်လျှင် US$ (၇၆၀၀) အထက် နှင့်ရေချို/ရေငန် ငါးတစ်တန်လျှင် US$ (၂၁၈၀) ခန့်ရှိသဖြင့် အဆိုပြုချက်တွင် ဖော်ပြထားသော ကုန်ကြမ်း နှင့် ကုန်ချောဈေးနှုန်းများမှာ ဆီလျော်မှုရှိကြောင်း စီစစ်တင်ပြအပ်ပါသည်။

(ဂ) စက်ရုံတွင် တပ်ဆင်မည့် ကုန်ချောထုတ်လုပ်ရန် စက်များ၏ Capacity မှာ ငါး/ပုစွန် ပြုပြင်ထုတ်လုပ်ရန်အတွက် Contact Freezer (0.5 MT 90 min) 1 Nos ၊ Air Blast Freezer (5 MT/8hr) 1 Nos ၊ Air Blast Freezer (3Mt/8hr)၊1 Nos.cold Store (200 MT) 2 Nos ၊ Flake Ice (10 MT) 1Nos တပ်ဆင်ပြီးဖြစ်ကြောင်း၊အဆိုပါစက်များ၏ Capacity အရ အနည်းဆုံး တစ်နေ့ ငါး/ပုစွန်(၈)တန် ထုတ်လုပ်နိုင်ပါကြောင်း စီစစ်တင်ပြအပ်ပါသည်။

(ဃ) အဆိုပါစက်များကိုကိုင်တွယ်မောင်းနှင်ရန်အတွက် အင်ဂျင်နီယာ(၆)ဦးအပါအဝင်၊ ကုန်ကြမ်း/ကုန်ချောပစ္စည်းများ ကိုင်တွယ်ဆောင်ရွက်နိုင်ရန်အတွက်၊ ကာယဉာဏ လုပ်သားစုစုပေါင်း (၉၀)ဦးခန့်ထား ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ကုန်ချော ထုတ်လုပ်မှု နှင့် စက်အင်အားလူအင်အား အချိုးအစား ညီမျှမှုရှိကြောင်း တွေ့ရှိ ရပါသည်။

(င) အဆိုပြု လုပ်ငန်းနှင့်စပ်လျဉ်း၍ စီးပွားရေးတွက်ခြေကိုက်မှု ရှိပါကြောင်း အကျိုး/အမြတ်တွက်ချက်မှုဇယားနှင့်အတူ တင်ပြအပ်ပါသည်။

၃။ အထက်အပိုဒ်(၂)ပါ စီစစ်ချက်အပြင်လုပ်ငန်း နှင့် စပ်လျဉ်းသည့် ကျွမ်းကျင်မှုနည်းပညာများကို အောက်ပါအတိုင်းစီစစ်တင်ပြအပ်ပါသည်-

(က) အဆိုပြုတင်ပြသည့် စက်ရုံမြေနေရာတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန်ရေဆိုး များကို သန့်စင်သော စနစ်၊ အနံ့ဆိုးများကို သန့်စင်သော စနစ်၊ မီးဘေးကြိုတင် ကာကွယ်မှုအစီအစဉ်များဆောင်ရွက်ထားရှိမည့်အစီအမံများကို စီစစ်တွေ့ရှိရပါသည်။

(ခ) ယခုစက်ရုံမှာ မြေအကျယ် (၁.၉၄၇) ဧကရှိပြီး EU Standard နှင့် အညီ၊ စက်ရုံ ဆောက်လုပ်ရန်သင့်လျော်မှုရှိပါသည်။ ထုတ်လုပ်မည့် ကုန်ချောပမာဏ နှင့် ကိုက်ညီအောင် အဆိုပါဒေသအတွက် ကုန်ကြမ်းအလုံအလောက် ရရှိနိုင်ပါကြောင်း စီစစ်တင်ပြ အပ်ပါသည်။

၄။ သို့ဖြစ်ပါ၍ U Ni & Daw Phyu Family Co,Ltd ၏ Ghani Win int'l Mordern Processing Plant & Cold Storage အအေးခန်းစက်ရုံတွင် CMP/ Normal စနစ်ဖြင့် ငါး/ပုစွန် ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုလွှာနှင့်အတူပူးတွဲ တင်ပြအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
ဒေါက်တာမြင့်သန်း၊ ညွှန်ကြားရေးမှူးချုပ်

<u>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်</u>
မိတ္တူကို

(၁) ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန
(၂) အုပ်ချုပ်မှုဒါရိုက်တာ U Ni & Daw Phyu Family Co,Ltd
(၃) ရုံးလက်ခံ
(၄) မျှော

နောက်ဆက်တွဲ (ဃ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန
စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
ရုံးအမှတ်(၄၁)၊ နေပြည်တော်

စာအမှတ်၊ ၁၅၁၅(၅)မပတ-၁/၃/၂၀၁၂ ( )
ရက် စွဲ ၊ ၂၀၁၂ ခုနှစ်၊ ဇွန် လ ရက်

အကြောင်းအရာ။ **U Ni & Daw Phyu Family Co.,Ltd CMP/Normal စနစ်ဖြင့် ငါးပုစွန်အအေးခန်းစက်ရုံတည်ထောင်ဆောင်ရွက်ခြင်းလုပ်ငန်းကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၉.၅.၂၀၁၂ ရက်စွဲပါစာအမှတ်၊ ရက-၆(က)/ မ-၁၂၃၀/၂၀၁၂(၇၀၁၉-ဈ)

၁။ U Ni & Daw Phyu Family Co.,Ltd သည် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာစက်မှုဇုန် (၃)၊ ဦးထွန်းညိုလမ်း၊ မြေကွက်အမှတ်(၁၆၅)တွင် CMP/Normal စနစ်ဖြင့် ငါး၊ ပုစွန်အအေးခန်းစက်ရုံ တည်ထောင်ဆောင်ရွက်ခြင်းလုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုလွှာတင်ပြလာခြင်းကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရည်ညွှန်းပါစာဖြင့် (မိတ္တူ)ပေးပို့လာပါသည်။

<u>စိစစ်တင်ပြချက်</u>

၂။ အဆိုပါ U Ni & Daw Phyu Family Co.,Ltd ငါး၊ ပုစွန်အအေးခန်းစက်ရုံ တည်ထောင်ဆောင်ရွက်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း စိစစ်တင်ပြအပ်ပါသည်-

(က) လုပ်ငန်းရည်ရွယ်ချက် - နည်းပညာအသစ်များရရှိစေရန်၊ ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ နိုင်ငံအတွက်ရိက္ခာ၊ ဝင်ငွေ၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရန်အတွက် တင်ပြထားပါသည်။

(ခ) လုပ်ငန်း/စက်ရုံအမည် - U Ni & Daw Phyu Family Co.,Ltd (CMP/ Normal စနစ်ဖြင့်ငါး၊ပုစွန်အအေးခန်းစက်ရုံ လုပ်ငန်း)

(ဂ) တည်နေရာနှင့်အကျယ်အဝန်း - ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်(၃)၊ ဦးထွန်းညိုလမ်း၊ မြေကွက်အမှတ်(၁၆၅) (၁.၉၄၇)ဧကကျယ်ဝန်းပြီး (စက်မှုမြေ) ဦးအောင်ဝင်းထံမှ(၁၀)နှစ်ငှားရမ်း ဆောင်ရွက် မည်ဖြစ်ပါသည်။

(ဃ) ပိုင်ရှင်အမည်/ရာထူး - (၁) ဦးအောင်ဝင်း(MD) (နိုင်ငံသား)
(၂)ဒေါ်ခင်မြင့်လွင်(Chairman)(နိုင်ငံသား)

(င) စက်ကိရိယာတပ်ဆင်မှု - စက်ပစ္စည်း(၂၅)မျိုးဖော်ပြထားပါသည်၊
- တပ်ဆင်စက်ကိရိယာများနှင့်လျော်ညီမှုရှိပါသည်၊

(စ) ထုတ်ကုန်အမျိုးအစား နှင့် အရည်အသွေး - ငါး၊ ပုစွန် [CMP]
- ငါးမြစ်ချင်း၊ ရေငံပုစွန်၊ ရေချိုပုစွန် [Normal]

(ဆ) ရင်းနှီးမြှုပ်နှံမှု - ကျပ် ၁၂၀၀ သန်းဖြစ်ပါသည်။

နိုင်ငံသားရင်းနှီးမြှုပ်နှံမှု/ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု - နိုင်ငံသားရင်းနှီးမြှုပ်နှံမှု(၁၀၀%)ဖြစ်ပါသည်၊

(ဇ) ဖြန့်ဖြူးမည့်ဒေသနှင့် ဈေးကွက် - ပြည်ပသို့(၁၀၀%)တင်ပို့ရောင်းချမည်ဖြစ်ပါသည်။

(ဈ) အလုပ်သမားဦးရေ - ပြည်တွင်း (၂၃၄)ဦး၊ပြည်ပ(၅)ဦး၊စုစုပေါင်း(၂၃၉)ဦး ဖြစ်ပါသည်၊

သုံးသပ်တင်ပြချက်

၃။ U Ni & Daw Phyu Family Co.,Ltd. သည် CMP/Normal စနစ်ဖြင့် ငါး၊ ပုစွန်အအေးခန်းစက်ရုံ တည်ထောင်ဆောင်ရွက်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍-

(က) CMP/Normal စနစ်(၂)မျိုးဖြင့် ငါး၊ ပုစွန်အအေးခန်းစက်ရုံ တည်ထောင်ဆောင်ရွက်ရန်ဟု တင်ပြထားပါသည်၊

(ခ) **ပြည်တွင်း ငါး၊ ပုစွန်များအားဝယ်ယူ၍ CMP စနစ်ဖြင့် ဆောင်ရွက်မည်ဟု လျှောက်ထားခြင်းမှာ မှန်ကန်မှုမရှိဟု သုံးသပ်ပါသည်၊** CMP စနစ်သည် အမှာစာ/စာချုပ်များအရ ပြည်ပမှကုန်ကြမ်းပေးသွင်း၍ လုပ်ခစားစနစ်ဖြင့် (Cutting, making, packing) ပြုလုပ်ပြီး ကုန်ချောများပြန်လည်တင်ပို့သော အပ်ကုန်စနစ်ဖြစ်ပါသည်။

၄။ သိရှိနိုင်ပါရန်တင်ပြအပ်ပါသည်။

ပူးတွဲပါ - စက်ရုံလုပ်ငန်းဆိုင်ရာအချက်အလက် (၁) စောင်

စိုးလှိုင်
ညွှန်ကြားရေးမှူးချုပ်

<u>**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး**</u>

မိတ္တူကို

စက်မှုဝန်ကြီးဌာန - သိသာနိုင်ပါရန်တင်ပြအပ်ပါသည်။

ရုံးလက်ခံ

မျှောစာတွဲ

U Ni & Daw Phyu Family Co.,ltd ၏လုပ်ငန်းဆိုင်ရာအချက်အလက်များ

စိစစ်တွေ့ရှိချက်

၁။	**လုပ်ငန်းရည်ရွယ်ချက်**	- နည်းပညာအသစ်များရရှိစေရေး - ငါးမွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရေး - နိုင်ငံအတွက် ရိက္ခာ၊ဝင်ငွေ၊အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး
၂။	**လုပ်ငန်း/စက်ရုံအမည်**	- U Ni & Daw Phyu Family Co.,Ltd ငါးပုဇွန်အအေးခန်းစက်ရုံ
၃။	**တည်နေရာနှင့်အကျယ်အဝန်း**	
	(က) တည်နေရာလိပ်စာ	- ရန်ကုန်တိုင်းဒေသကြီး၊ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်(၃)၊ ဦးထွန်းညိုလမ်း၊ မြေကွက်အမှတ်(၁၆၅)
	(ခ) အကျယ်အဝန်း	- (၁. ၉၄၇)ဧက
	(ဂ) မြေအမျိုးအစား(စက်မှုမြေ သို့မဟုတ် မြို့ရွာမြေ သို့မဟုတ် စိုက်ပျိုးလယ်ယာမြေစသည်ဖြင့် ဖော်ပြရန်)	- စက်မှုမြေ
	(ဃ) ကိုယ်ပိုင်(သို့မဟုတ်)အငှား (အငှားဖြစ်ပါက မည်သူ့ထံမှငှားရမ်းသည်၊ငှားရမ်းစာချုပ်၊ငှားရမ်းသက်တမ်း၊ ၄င်းနေရာတွင်လက်ရှိမည်သည့်လုပ်ငန်းလုပ်ကိုင်သည်သို့မဟုတ် မြေကွက်လပ်ဟူ၍ဖော်ပြရန်)	- အငှား၊ဦးအောင်းဝင်းထံမှ(၁၀)နှစ်ငှားရမ်းစာချုပ်ချုပ်ဆိုထားပါသည်၊
	(င) Factory Layout (ပူးတွဲပါ)	- ဖော်ပြထားပါသည်၊
၄။	**အဆောက်အဦနှင့်မြို့ပြလုပ်ငန်းများ**	
	(က) အဆောက်အဦ အရွယ်အစား/ အကျယ်အဝန်းအလိုက်အရေအတွက်	- Factory (200' x 400') အုတ်မိုးသွပ်ကာ(၁)ထပ်ဖြစ်ပါသည်၊
	(ခ) အဆောက်အဦအမျိုးအစား	-
	(ဂ) ကိုယ်ပိုင်(သို့မဟုတ်)အငှား (အငှားဖြစ်ပါက မည်သူ့ထံမှငှားရမ်းသည်၊ငှားရမ်းစာချုပ်၊ငှားရမ်းသက်တမ်း ၄င်းအဆောက်အဦတွင်ယခင်ကမည်သည့်လုပ်ငန်း လုပ်ကိုင်သည်ကို ဖော်ပြရန်)	- အငှား

(ခ) အသုံးပြုမည့်လျှပ်စစ် စွမ်းအား - ၅၀၀ KVA၊ ၅၀ KVA
(ဂ) တပ်ဆင်စက်ကိရိယာများနှင့်လျော် -
ညီမှု ရှိ/မရှိ

၁၂။ ဘွိုင်လာတပ်ဆင်မှု
(က) အရွယ်အစားအလိုက်အရေအတွက် -
(ခ) တပ်ဆင်စက်ကိရိယာများနှင့်လျော် -
ညီမှု ရှိ/မရှိ

၁၃။ ထုတ်ကုန်အမျိုးအစားနှင့် အရည်အသွေး
(က) ထုတ်ကုန်အမျိုးအစား - [ငါး ၊ ပုစွန်] CMP
(ခ) အရည်အသွေးများသင့်လျော် - [ငါးမြစ်ချင်း၊ရေငန်ပုစွန်၊ရေချိုပုစွန်] Normal
မှု ရှိ/မရှိ

၁၄။ ကုန်အမှတ်တံဆိပ်
(က) အသုံးပြုမည့် ကုန်အမှတ်တံဆိပ် - ဖော်ပြထားခြင်းမရှိပါ
(ခ)ကုန်အမှတ်တံဆိပ်များမှတ်ပုံတင် - ဖော်ပြထားခြင်းမရှိပါ
ထားရှိခြင်း ရှိ/မရှိ

၁၅။ ရင်းနှီးမြှုပ်နှံမှု
(က) မြေတန်ဘိုး - မြေငှားရမ်းခ ၂၄ ကျပ်သန်း
(ခ) အဆောက်အဦတန်ဘိုး -
(ဂ) မြို့ပြလုပ်ငန်းများတန်ဘိုး -
(ဃ) စက်ကိရိယာတန်ဘိုးနှင့်နည်းပညာစရိတ်- ၁၁၂၇. ၂၀၂ ကျပ်သန်း
(င) ကနဦးလည်ပတ်ရန်ပုံငွေ - ၆၇. ၂၇၀ ကျပ်သန်း
(စ) အခြား - ၅. ၅၃၀ ကျပ်သန်း
(ဆ) နိုင်ငံသား/နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု - နိုင်ငံသားရင်းနှီးမြှုပ်နှံမှု

၁၆။ ငွေကြေးစီမံမှု
(က) ပြည်တွင်းကျပ်ငွေလိုအပ်မှု (ချေးငွေ၊ ကိုယ်ပိုင်ငွေနှင့်ရနိုင်မည့်ဇစ်မြစ်များ)
(ခ) နိုင်ငံခြားငွေလိုအပ်မှု (ချေးငွေ၊ ကိုယ်ပိုင်ငွေနှင့်ရနိုင်မည့်ဇစ်မြစ်များ) - MICB ဘဏ်ရှိ
(၁၅. ၂. ၂၀၁၂)ရက်စွဲဖြင့် အမေရိကန်ဒေါ်လာ ၄၅၈၁၃၆ တင်ပြထားပါသည်။

၁၇။ နှစ်စဉ်ကုန်ထုတ်လုပ်မှုကုန်ကျစရိတ်
(က) ကုန်ကြမ်း - ၃၀၉၂. ၅၀၀ ကျပ်သန်း
(ခ) လုပ်ခလစာနှင့်လောင်စာ - ၁၉၆. ၈၀၀ ကျပ်သန်း

၂၁။ **အလုပ်သမား**

(က) လုပ်သားအမျိုးအစားအလိုက်အရေအတွက်နှင့်စုစုပေါင်း - ပြည်တွင်း(၂၃၄)ဦး၊ ပြည်ပ(၅)ဦး (အချိန်ပိုင်း)

(ခ) စက်အင်အားနှင့်လူအင်အားအချိုးအစား ဆီလျော်မှု ရှိ/မရှိ - ရှိပါသည်။

(ဂ) လုပ်ခလစာ နှုန်းထားနှင့်စရိတ်များ သင့်လျော်မှန်ကန်မှု ရှိ/မရှိ - စိစစ်ဆဲဖြစ်ပါသည်၊

၂၂။ **ပတ်ဝန်းကျင်ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်မှု**

(က) ဆောင်ရွက်မည့်အစီအစဉ်များ - ဖော်ပြထားခြင်းမရှိပါ၊

(ခ) ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်စေသော နည်းပညာအသုံးပြုမှုကိုရှောင်ရှားခြင်း ရှိ/မရှိ(သို့မဟုတ်)လျှော့ချခြင်းအစီအစဉ်များရှိ/မရှိ -

(ဂ) စွန့်ပစ်ပစ္စည်းများပြန်လည်သုံးစွဲရေးနှင့် စနစ်တကျစွန့်ပစ်ရေးအစီအမံများရှိ/မရှိ -

(ဃ) ပတ်ဝန်းကျင်ညစ်ညမ်းမှု ကင်းရှင်းရေး အတွက်သတ်မှတ်ထားသောစံနှုန်း(သို့မဟုတ်) စည်းမျဉ်းများနှင့်ကိုက်ညီမှု ရှိ/မရှိ -

(င) သင့်လျော်မှန်ကန်ခြင်း ရှိ/မရှိ -

(စ) သက်ဆိုင်ရာဌာနများသဘောထား -

၂၃။ **အကောင်အထည်ဖော်မည့်အချိန်ကာလ**

(က) တည်ဆောက်မှုစတင်မည့်ကာလ - MIC ခွင့်ပြုမိန့်ရရှိပြီးရက်ပေါင်း (၃၀)အတွင်း

(ခ) တည်ဆောက်မည့်အချိန်ဇယား - (၃)လ

(ဂ) တပ်ဆင်လည်ပတ်မည့်ကာလ - (၁)လ

(ဃ) ပုံမှန်ထုတ်လုပ်မည့်ကာလ -

၂၄။ **စီးပွားရေးတွက်ခြေကိုက်မှု**

(က)အရင်းကြေကာလ - (၃)နှစ် (၇)လ

(ခ) အကျိုးအမြတ်နှင့်ကုန်ကျစရိတ်အချိုး - ၀.၀၂၅

(ဂ) ကုန်ကျစရိတ်နှင့်ဝင်ငွေအချိုး - ၉၆.၉၆ %

(ဃ) အမျိုးသားဝင်ငွေတိုးတက်ရရှိမှု (အသားတင်ထုတ်လုပ်မှုတန်ဘိုး) - ၅၄၀.၂၇၅ ကျပ်သန်း

(င) နှစ်စဉ်နိုင်ငံခြားငွေအသားတင်ရရှိမှု -

(စ) နှစ်စဉ်နိုင်ငံခြားငွေအသားတင်သက်သာမှု -

(ဆ) အရင်းအနှီး၏အကျိုးအမြတ်ပြန်ပေါ်နှုန်း - ၂၅.၄၀ %

(ဇ) ပတ်ဝန်းကျင်အကျိုးသက်ရောက်မှု -

U NI & DAW PHYU FAMILY COMPANY LIMITED
EXPORTER & IMPORTER
No.27, 44th Street, Botataung Township, Yangon, Myanmar.
E-mail : [illegible]@myanmar.com.mm   Gmail : [illegible]ltd@gmail.com

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်
နေပြည်တော်

ရက်စွဲ ။ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ (၁၁)ရက်

အကြောင်းအရာ။ ။ CMP နှင့် Normal စနစ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း။

(၁) U NI & DAW PHYU FAMILY CO., LTD. သည် ငါး၊ ပုဇွန် အအေးခန်းစက်ရုံဖြစ်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ [illegible] မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုပေးပါရန်အတွက် လျှောက်ထား ခဲ့ပါသည်။

(၂) ယိုသို့ လျှောက်ထားရာ၌ CMP နှင့် Normal စနစ် (၂)မျိုးဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြခဲ့ပါသည်။ ၄င်းတင်ပြချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြလိုသည်မှာ -

CMP သည် [illegible] အခြား [illegible] ပြည်ပမှ ကုန်ကြမ်းပေးသွင်း၍ လက်ခစားစနစ်ဖြင့် ကုန်ချောများ ပြန်လည်တင်ပို့သော စနစ်ဟု နားလည်ထားပြီး တိုက်ရိုက်အသုံးပြုထားခြင်း ဖြစ်ပါသည်။ ယခု မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ [illegible] CMP [illegible] လက်ခစားစနစ်ဖြစ်သော CPP (CONTRACT PROCESSING PRACTICES) ဟု သုံးစွဲကြပါသည်။ လုပ်ငန်းအပ်နှံသူမှ ကုန်ကြမ်းပေးသွင်းပြီး မိမိတို့ ကုမ္ပဏီသည် ကုန်အမှာစာအတိုင်း ပြုပြင်ထုတ်ပိုး၍ ပြန်လည်တင်ပို့ပြီး လက်ခရယူခြင်းသာ ဖြစ်ပါသည်။

MIC ၏ အကြိုညှိနှိုင်း [illegible] အစည်းအဝေးတွင် ဆွေးနွေးတင်ပြခဲ့ရာ၌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ ကိုယ်စားလှယ်မှ Normal System ဖြစ်သည့် ပြည်တွင်းထွက် ငါး၊ ပုဇွန်များ ဝယ်ယူ၍ ပြုပြင်ပြီး တင်ပို့ခြင်း ဖြစ်ပါသည်။ CPP (CMP) စနစ်သည် ပြည်ပမှ [illegible] သွင်းပြီး ကုန်အမှာစာအတိုင်း ပြုပြင်ဖေးခဲ ထုတ်ပိုး၍ ပြန်လည်တင်ပို့ခြင်းသာ ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြ [illegible] ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ U NI & DAW PHYU FAMILY CO. LTD. သည် စက်မှု ကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန၏ သုံးသပ်တင်ပြချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြလိုသည်မှာ ပြည်တွင်းမှ ငါး၊ ပုဇွန် ဝယ်ယူခြင်းသည် Normal System ဖြင့် ဆောင်ရွက်မည့်အစီအစဉ်ဖြစ်ပြီး CPP System (သို့မဟုတ်)CMP System ဖြင့် ဆောင်ရွက်မည် အစီအစဉ်မှာ ပြည်ပ [illegible] မှ တင်ပို့လာသည့် ငါး၊ ပုဇွန်များကို ကုန်အမှာစာအတိုင်း ပြုပြင်ဖေးခဲ ထုတ်ပိုး၍ လက်ခကိုသာ ရယူပြီး ပြန်လည်တင်ပို့မည့် အစီအစဉ်ဖြစ်ပါသည်။ သယ်ယူစရိတ်များ၊ သင်္ဘောစရိတ်များ၊ အခြားစရိတ်များသည် လုပ်ငန်း [illegible] ၏ ကုန်ကျစရိတ်သာဖြစ်ပါသည်။

လျှို့ဝှက်

နောက်ဆက်တွဲ (၁၀)

U Ni & Daw Phyu Family Co., Ltd.
Staff List

Sr. No.	Position	No. of Staff	Salary / Month					Salary / Year				
			Year 1	Year 2	Year 3	Year 4	Year 5 to 10	Year 1	Year 2	Year 3	Year 4	Year 5 to 10
Staff List (Local)												
1	General Manager	1	400000	425000	450000	450000	450000	4800	5100	5400	5400	5400
2	Chief Account	1	350000	375000	400000	400000	400000	4200	4500	4800	4800	4800
3	Account	2	200000	225000	250000	250000	250000	4800	5400	6000	6000	6000
4	Audit	1	250000	275000	300000	300000	300000	3000	3300	3600	3600	3600
5	Accounting Staff	3	100000	125000	150000	150000	150000	3600	4500	5400	5400	5400
6	Admin Manager	1	200000	225000	250000	250000	250000	2400	2700	3000	3000	3000
7	HR Manger	1	200000	225000	250000	250000	250000	2400	2700	3000	3000	3000
8	Office Staff	2	70000	85000	100000	100000	100000	1680	2040	2400	2400	2400
9	Marketing Manager	1	150000	175000	200000	200000	200000	1800	2100	2400	2400	2400
10	Marketing Staff	2	70000	85000	100000	100000	100000	1680	2040	2400	2400	2400
11	Chief Engineer	1	200000	225000	250000	250000	250000	2400	2700	3000	3000	3000
12	Assistant Engineer	1	150000	175000	200000	200000	200000	1800	2100	2400	2400	2400
13	Store Manager	1	150000	175000	200000	200000	200000	1800	2100	2400	2400	2400
14	Factory Manager	1	200000	225000	250000	250000	250000	2400	2700	3000	3000	3000
15	Purchasing Superviser	1	80000	90000	100000	100000	100000	960	1080	1200	1200	1200
16	Purchasing Staff	3	70000	85000	100000	100000	100000	2520	3060	3600	3600	3600
17	Skill Worker	200	60000	65000	70000	70000	70000	144000	156000	168000	168000	168000
18	QA Manager	1	200000	225000	250000	250000	250000	2400	2700	3000	3000	3000
19	QC Superviser	2	80000	90000	100000	100000	100000	1920	2160	2400	2400	2400
20	Security	6	60000	65000	70000	70000	70000	4320	4680	5040	5040	5040
21	Record Keeper	2	80000	90000	100000	100000	100000	1920	2160	2400	2400	2400
	Total	**234**						**196800**	**215820**	**232440**	**232440**	**232440**
	Staff List (Foreign Technician)											
1	Technician (Part Time)	5	Remark; There is no remuneration for the technician except food & Building.									

လျှို့ဝှက်